# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့။

လွိုင်ကော်မြို့နယ်၊ ကုန်းဆွတ်နှင့်ကျောက်ကြီးကျေးရွာအကြား ယနေ့မနက် (၆း၃၀)နာရီတွင်၊ စစ်ကြောင်းထိုးလာသော အကြမ်းဖက် စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တပ်တို့မှ ခုခံတိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲ မိနစ် (၃၀) ခန့်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း အကြမ်းဖက် စစ်ကောင်စီတပ်ဘက်မှ (၇) ဦးကျဆုံးခဲ့ပြီး၊ (၁၀) ဦးထက်မနည်း ထိခိုက် ဒဏ်ရာရခဲ့ပါသည်။

ဩဂုတ်လ (၂၃) ရက်နေ့တွင် လည်း ကယန်းသာယာကျေးရွာသို့ အကြမ်းဖက် စစ်ကောင်စီတပ်များရောက်လာပြီး ကျေးရွာအတွင်းရှိနေအိမ်များကိုဖောက်ထွင်းခြင်း ၊ကျေးရွာအနီး တောင်ယာထဲတွင် ပုန်းအောင်းနေကြသော ပြည်သူများအား အကြမ်းဖက် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် တပ်မ (၅၅) မှ ဖြစ်ပြီး၊ အင်အား (၁၀၀) ခန့်ဖြင့် တိုက်ပွဲဖြစ်ပွားရာကျေးရွာအနီးသို့ စစ်ကြောင်းထိုးလာခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတင်း အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်းရှိကျေးရွားများသို့ ဘက်သို့ စစ်ကြောင်း (၃) ကြောင်းဖြင့် စစ်ကြောင်းထိုးလျက်ရှိသည်။

KNDF သတင်းနှင့်ပြန်ကြားရေးအဖွဲ့